# နေ့စဉ်တိုင်းရင်းသားသတင်းများစုဆောင်းတင်ပြခြင်း

(No. 79 , December 8, 2020)

၁။ မဲဆန္ဒရှင် ၃၇ သန်းကျော်မှာ အတည်မပြုသေးသော အခြေခံမဲဆန္ဒရှင်စာရင်းသာဖြစ်ဆိုသည့်ဖြေရှင်းချက် ဝေဖန်ခံရ

၂။ ကချင်မြောက်ဖျားပိုင်း နောင်မွန်းဒေသတွင် အင်တာနက်လိုင်းပေးရန် ဒေသခံ လူငယ်များတောင်းဆို

၃။ ကိုဗစ်အတည်ပြုလူနာများလာသော ဖားကန့်တွင် ကွာရန်တင်းစင်တာအတွက် အခက်အခဲရှိလာ

၄။ တိုင်းရင်းသားကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲအသုံးစရိတ်အပြည့်မတင်နိုင်သေး

၅။ လူမျိုးအမည်မှားယွင်းမှတ်ပုံတင်များကို ကယန်းအမည်မှန်ပြောင်းလဲမည်ဟု အနိုင်ရကယန်းဝန်ကြီးပြော

၆။ အင်္ဂလန် ကားဝင်းပုံစံလုပ်ချင်သော်လည်း လက်ရှိပြီးစီးသည့်အနေအထားကို ကျေနပ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်ပြော

၇။ ဖားအံမြို့နယ်တွင် ကိုဗစ်ကူးစက်မှုနေ့စဉ်တိုးလာ၍ ကန့်သတ်မှုများ ပိုမိုလုပ်ဆောင်လာ

၈။ မိရိုးဖလာပိုင်မြေယာအား အစိုးရအသိအမှတ်ပြုမြေယာအဖြစ် လုပ်ဆောင်ပေးမည်ဟု ရွေးကောက်ပွဲအနိုင်ရ ကရင်အမတ်ပြော

၉။ ဝန်ကြီးသစ်ကို တာဝန်လွှဲပြောင်းပေးရန်စီစဉ်ထားဟု လက်ရှိ ကရင်ရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးပြော

၁၀။ UNESCO တွင် ယှဉ်ပြိုင်မည့် ကရင်ဒုံးအကကို စာသင်ကျောင်းများတွင် သင်ကြားနိုင်ရေးပါ ရည်ရွယ်ထား

၁၁။ အိန္ဒိယ–မြန်မာအမှတ် ၂ နယ်စပ်ကုန်သွယ်ရေး ရိ– တီးတိန်လမ်းကြောင်းသစ် လာမည့်နှစ် စတင်ဖောက်လုပ်မည်

၁၂။ ချင်းပြည်နယ်တွင် ရွေးကောက်ဆိုင်ရာအမှုဖွင့်တိုင်းကြားမှု (၂) မှုသာရှိ

၁၃။ RRCCI မှထောက်ပံ့သည့် စောင်နှင့်အဝတ်အစား အထည် ၅၀၀၀ ပလက်ဝသို့ရောက်ရှိ

၁၄။ ကိုဗစ်ထောက်ပံ့ကြေး အကန့်အသတ်ဖြင့်ပေးသည့်အတွက် မရရှိသူအများအပြားရှိနေဟုဆို

၁၅။ ချင်းပြည်နယ်တွင် ဆိုင်ထိုင်ရောင်းချခွင့် ပြန်လည်ခွင့်ပြုရန် အစီအစဉ်မရှိသေးဟု ဦးစိုးထက်ပြော

၁၆။ ရခိုင်တွင် တိုက်ပွဲများရပ်တန့်နေသည့်အတွက် စစ်ဘေးရှောင် ၇၀၀၀၀ ကျော် နေရပ်ပြန်

၁၇။ နမ္မတူတွင် RCSS နှင့် TNLA တို့ စစ်ရေးတင်းမာ

၁၈။ ကယားပြည်နယ်မှ လယ်သမားများ ဆည်မြောင်းသို့ ရေခွန်ဆောင်ရန် ကျပ်သိန်း ၆၀၀၀ ကျန်ရှိ

၁၉။ SP Bakery ပိုင်ရှင် ဦးကျော်ဝင်းကို မိမိတို့ ဖမ်းဆီးထားဟု TNLA ပြော

၂၀။ မော်လမြိုင်ခရိုင်တွင် ရွေးကောက်ပွဲအပြီး ၂၉ ရက်အတွင်း ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်းသူ ၁၀၀ ကျော်ရှိ

၂၁။ "မွန်လူငယ်များ မွန်နိုင်ငံရေး ပါဝင်ဆောင်ရွက်ကြ" ခေါင်းစဥ်ဖြင့် (၉) ကြိမ်မြောက် မွန်လူငယ်များနေ့အခမ်းအနား Online တွင် ကျင်းပသွားမည်

၂၂။ ရသေ့တောင်မြို့နယ်တွင် ညမထွက်ရအမိန့် နောက်ထပ် သက်တမ်း ၂ လတိုး

၂၃။ ဂျပန်ရောက်ရခိုင်လူငယ်များက ကျန်နေသေးသည့်ရခိုင်မဲဆန္ဒနယ်မြေများတွင် ရွေးကောက်ပွဲကျင်းပပေးရန်ဆန္ဒဖော်ထုတ်တောင်းဆို

၂၄။ ရခိုင်တွင် ချင်းတိုင်းရင်းသားမဲဆန္ဒရှင် ၇၄၀၀၀ရှိရာတွင် ၂၀၀၀၀သာမဲပေးခွင့်ရရှိခဲ့၍ အများကိုယ်စားပြုသည့် ရွေးကောက်ပွဲမဖြစ်ခဲ့ဟုဆို

၂၅။ ရခိုင်တွင်စစ်ပွဲနှင့်မဆိုင်ဘဲ ယခုနှစ်အတွင်းမီးလောင်မှု ၇၃ ကြိမ်ရှိခဲ့ပြီး ကလေးငယ်တစ်ဦးသေဆုံးကာ ဆုံးရှုံးမှု တန်ဖိုး သိန်း ၆၀၀ ကျော်ရှိခဲ့ဟုဆို

၂၆။ အရပ်သားများအား လက်နက်ကိုင်အဖွဲ့က ဖမ်းဆီးငွေကြေးတောင်းခံမှုကို ဆန့်ကျင်ကန့်ကွက်ကြောင်း လူ့အခွင့်အရေးအဖွဲ့ထုတ်ပြန်

***************************

**၁။ မဲဆန္ဒရှင် ၃၇ သန်းကျော်မှာ အတည်မပြုသေးသော အခြေခံမဲဆန္ဒရှင်စာရင်းသာဖြစ်ဆိုသည့်ဖြေရှင်းချက် ဝေဖန်ခံရ**

(December 4, 2020)

တစ်နိုင်ငံလုံးရှိ မဲဆန္ဒရှင် ၃၇သန်းကျော်ဆိုသည်မှာ အတည်မပြုသေးသော အခြေခံမဲဆန္ဒရှင်စာရင်းသာဖြစ်ကြောင်း ဖြေရှင်းမှုအပေါ် ပါတီအချို့နှင့် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများက ဝေဖန်လျက်ရှိသည်။

တစ်နိုင်ငံလုံးရှိ မဲဆန္ဒရှင် ၃၇ သန်းကျော်သည် ရွေးကောက်ပွဲ မကျင်းပမည့် မဲဆန္ဒနယ်များရှိ မဲဆန္ဒရှင်များကို နုတ်ပယ်ထားသည့် အတည်မပြုသေးသော အခြေခံမဲဆန္ဒရှင်စာရင်းသာဖြစ်ကြောင်း ဒီဇင်ဘာ ၂ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာတွင် ပြန်လည်ရှင်းလင်းဖော်ပြခဲ့သည်။ နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်ထုတ် နိုင်ငံပိုင်သတင်းစာတွင် မဲဆန္ဒရှင်စုစုပေါင်း ၃၇၂၆၈၈၇၆ ဦးဖြစ်ကြောင်း ဖော်ပြခဲ့သော်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သည့် မဲဆန္ဒရှင်စာရင်း၌ ၃၈၂၇၁၄၄၇ ဦး ဖြစ်နေကာ ၁၀၀၂၅၇၁ ဦး ပိုလာခြင်းနှင့်ပတ်သက်၍ ဝေဖန်မှုများမြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ယင်းသို့ မဲစာရင်း နှစ်မျိုးဖြစ်နေခြင်းသည် ရှက်ဖို့ကောင်းပြီး ၎င်းကိစ္စသည် UECတွင်သာ တာဝန်ရှိကြောင်း မွန်ညီညွတ်ရေးပါတီ အတွင်းရေးမှူးအဖွဲ့ဝင် နိုင်စိုးမြင့်က ဝေဖန်ခဲ့သည်။ https://www.hintharmedia.com

*****************

**၂။ ကချင်မြောက်ဖျားပိုင်း နောင်မွန်းဒေသတွင် အင်တာနက်လိုင်းပေးရန် ဒေသခံ လူငယ်များတောင်းဆို**

(8 December 2020)

ကချင်ပြည်နယ်မြောက်ဖျားပိုင်းဒေသ နောင်မွန်းမြို့နယ်တွင် ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းများ အမြန်ရရှိရန် ဒေသခံလူငယ်များက တောင်းဆိုခဲ့ကြသည်ဟု သိရသည်။ အခြေခံလူ့အခွင့်အရေး တန်းတူရရှိရေးအတွက် အင်တာနက်ခက်ခဲသော

နေရာဒေသများတွင် အစိုးရအနေဖြင့် အင်တာနက် ရရှိအောင်အမြန်ဆောင်ရွက်ပေးရန် နောင်မွန်းလူငယ်များနှင့် ခါကာဘိုလူငယ်များပူးပေါင်းပြီး ဒီဇင်ဘာ ၂ ရက်နေ့ ပြုလုပ်ခဲ့သော လှုပ်ရှားမှုဓာတ်ပုံများသည် ဒီဇင်ဘာ ၈ ရက်နေ့ မှ လူမှုကွန်ယက်စာမျက်နှာပေါ်တွင် ပေါ်ထွက်ခဲ့သည်။

နောင်မွန်းမြို့နယ်တွင် ဆက်သွယ်ရေးအဖြစ် MPT ဖုန်းလိုင်းတစ်ခုတည်းသာရှိပြီး အင်တာနက် လိုင်းမရရှိသောကြောင့် လူငယ်များအတွက် လူမှုရေး၊ စီးပွားရေးနှင့် ပညာရေး နယ်ပယ်အသီးသီးတွင် နစ်နာဆုံးရှုံးမှုများရှိနေသည်ဟု နောင်မွန်ဒေသခံ ဦးဘီဆက် ဂျောင်လင်းက ယခုလိုပြောဆိုသည်။

လူငယ်များ၏ တောင်းဆိုမှုတွင် 'နောင်မွန်မြို့နယ်ကိုလည်း အင်တာနက် ပေးပါ၊ အမိမြန်မာနိုင်ငံတော်ရဲ့ တိုးတက်ပြောင်းလဲမှုတွေကို သိခွင့်ပြုပါ၊ အင်တာနက်ပေးဖို့ အစိုးရမှာတာဝန်ရှိတယ်၊ ခါကာဘိုရာဇီရဲ့ ရေခဲတောင်မှာ လူရှိတယ်၊ အင်တာနက်ဆိုတာ ဖြူလား မဲလား၊ နောင်မွန်းလည်း ကမ္ဘာကြီးထဲကပါ' စသော စာသားပါ ဆိုင်းဘုတ်များကိုင်ဆောင်ကာ ဓါတ်ပုံရိုက်ပြီး တောင်းဆိုခဲ့ကြသည်။ နောင်မွန်းမြို့နယ်သည် မြန်မာပြည်မြောက်ဖျားစွန်းပိုင်းတွင်ရှိသော ပူတာအိုခရိုင်အတွင်းရှိ မြို့နယ်တစ်ခုဖြစ်သည်။ https://burmese.kachinnews.com/2020/12/08/1–8/

********************

## ၃။ ကိုဗစ်အတည်ပြုလူနာများလာသော ဖားကန့်တွင် ကွာရန်တင်းစင်တာအတွက် အခက်အခဲရှိလာ

(8 December 2020)

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာတွင် ကိုဗစ်–၁၉ အတည်ပြုလူနာအဆမတန်တိုးလာသည့်အတွက် ကွာရန်တင်းစင်တာများတွင် နေရာအခက်ခဲရှိလာကြောင်း လုံးခင်းတိုက်နယ်ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မျိုးထွန်းထံမှ သိရသည်။ ဒီဇင်ဘာ ၈ရက်နေ့ထိ လုံးခင်းကျေးရွာတွင် ပိုးတွေ့လူနာပေါင်း ၁၀၃ ဦးရှိလာနေပြီး ကချင်ပြည်နယ်တစ်ပြည်လုံးတွင် ပိုးတွေ့ရှိမှုတွင် ဖားကန့်သည် အများဆုံးဖြစ်သည်။

အရပ်ဘက်အဖွဲ့အစည်းများ၏ စစ်တမ်းအရ ဖားကန့်မြို့နယ်တွင် လက်လုပ်လက်စား၊ ရွှေ့ပြောင်းအလုပ်သမားများ ၄သိန်းခန့်ရှိကာ လူဦးရေထူထပ်သောနေရာတစ်ခုလည်း ဖြစ်သည်။ ထို့ကြောင့် လူဦးရေ ထူထပ်သောဖားကန့်မြို့နယ်တွင် ကိုဗစ်–၁၉ ကာကွယ်ကုသရေးလုပ်ငန်းများတွင်လည်း အခက်အခဲရှိနေကြောင်း ဒေါက်တာကျော်မျိုးထွန်းက ဆက်ပြောသည်။

ဒီဇင်ဘာလ ၈ရက်နေ့ ကချင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ဖားကန့်မြို့နယ်တွင် လုံးခင်း ၄ဦးပါဝင်ပြီး၊ ဆိပ်မူ ၆ဦး၊ ဆိုင်းတောင် ၂ ဦး စုစုပေါင်း ၁၂ဦးဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ ဒီဇင်ဘာလ ၇ရက်နေ့ထိ ကချင်ပြည်နယ်တစ်ပြည်နယ်လုံးတွင် ပိုးတွေ့လူနာစုစုပေါင်း ၃၁၂ဦးရှိပြီဖြစ်ပြီး ဆေးရုံဆင်းပြီးသူ ၁၉၆ ဦးရှိကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ https://burmese.kachinnews.com/2020/12/08/3–2/

****************

## ၄။ တိုင်းရင်းသားကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲအသုံးစရိတ်အပြည့်မတင်နိုင်သေး

(8 December 2020)

ကချင်ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာ ကိုယ်စားလှယ်လောင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ ၂၅ ဦးအနက် ရွေးကောက်ပွဲအသုံး စရိတ်တင်သူ ၁၀ ဦးကျော်သာရှိသေးကြောင်း သိရသည်။ ဒီဇင်ဘာ ၁၄ ရက်နေ့ နောက်ဆုံးသတ်မှတ်ရက်အမှီ တင်သွင်းရမည် ဖြစ်သည်ဟု ကချင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အရာရှိ ဦးထွန်းအောင်ခိုင်က ပြောသည်။

ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်လောင်းများမှာ ရဝမ်တိုင်းရင်းသားရေးရာဝန်ကြီးနေရာတွင် ဖ ဦး၊ ရှမ်းတိုင်း ရင်းသားရေးရာဝန်ကြီးတွင် ၇ဦး၊ လီဆူတိုင်းရင်းသားရေးရာဝန်ကြီးနေရာတွင် ၇ဦး၊ ဗမာတိုင်းရင်းသားရေးရာဝန်ကြီးနေရာ ၆ ဦး အသီးသီးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ၂၀၂၀ ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ကချင်ပြည်နယ်အတွင်း တိုင်းရင်းသား လူမျိုး မဲဆန္ဒရှင်ဦးရေ ၇၈၇၉၅၆ ဦးရှိသည့်အနက် မဲပေးသူ ၅၄၆၁၃၃ ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် ၆၉.၃၁ ရာခိုင်နှုန်းရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ချက်အရသိရသည်။

ကချင်ပြည်နယ်တွင် ၂၀၂၀ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ဦးရေ ၁၁၅၀၄၀၇ ရှိသည့်အနက် တိုင်းရင်းသား မဲဆန္ဒရှင်စာရင်းသည် ၇၈၇၉၅၆ ပါဝင် သည်။ https://burmese.kachinnews.com/2020/12/08

******************

## ၅။ လူမျိုးအမည်မှားယွင်းမှတ်ပုံတင်များကို ကယန်းအမည်မှန်ပြောင်းလဲမည်ဟု အနိုင်ရကယန်းဝန်ကြီးပြော

(December 7, 2020)

ရှမ်း/တောင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ်မှာနေထိုင်တဲ့ ကယန်းတိုင်းရင်းသား လူဦးရေ ၁၀၀၀ ကျော်ရဲ့ မှတ်ပုံတင်ရှိ လူမျိုးအမည်နေရာမှာ အခြားသောလူမျိုးတွေနဲ့ မှားယွင်းဖော်ပြထားတဲ့အတွက် ကယန်းလူမျိုး အမည်မှန်အဖြစ် ပြန်လည်ပြောင်းလဲဖို့ ၅ နှစ်အတွင်း လုပ်ဆောင်သွားမယ်လို့ အနိုင်ရကယန်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ခွန်းတင်နု(ခ)တင်ဒုက ကန္တာရဝတီတိုင်းမ်ကို ပြောပါတယ်။

ပင်လောင်းမြို့နယ်မှာ ကယန်းတိုင်းရင်းသားလူဦးရေ ၇၀၀၀ ဝန်းကျင်ခန့်ရှိတဲ့အနက် လူဦးရေ ၁၀၀၀ ကျော်ရဲ့ မှတ်ပုံတင်နာမည်တွေမှာ ကရင်၊ ပအိုဝ်း၊ ရှမ်းစတဲ့ လူမျိုးအမည်တွေနဲ့ အများဆုံးမှားယွင်းဖော်ပြထားတယ်လို့ ဆိုပါတယ်။ အခုလို မှတ်ပုံတင်မှာ ကယန်းလူမျိုးအမည်မှန်ပြောင်းလဲလိုတဲ့ လူဦးရေ ၁၀၀၀ ကျော်ဟာ ပင်လောင်းမြို့နယ်၊ ဘန်းဘာကျေးရွာအုပ်စုရှိ စင်းဆင်း၊ ထီးပေါင်း၊ လုံးကဲ(ဟောင်း)၊ ဆောင်ခဲ၊ သပြေကုန်းကျေးရွာအုပ်စုရှိ ကံလှ၊ လုံးကဲ၊ တလိုင်းမ၊ ဘန်းရင၏ ထိန်ပင်ကျေးရွာအုပ်စုရှိ ကသောင်း၊ လုံးထို၊ လက်ဆွဲ၊ ကိုးကွေ့၊ ကလတီ၊ လုံးပျဉ်ကျေးရွာအုပ်စုရှိ တောင်စလုံး၊ မြောက်စလုံးကျေးရွာတွေမှာနေထိုင်တဲ့ ကယန်းလူမျိုးတွေဖြစ်ပြီး ကယန်းလထာမျိုးနွယ်စုဝင်တွေ ဖြစ်ပါတယ်။

အခုလို လုပ်ဆောင်နိုင်ဖို့အတွက်လည်း ကယန်းတိုင်းရင်းသား အသင်းအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ၎င်းက ဆိုပါတယ်။ အမည်မှားယွင်းမှတ်ပုံတင်တွေကို ပြောင်းလဲနိုင်ဖို့အတွက် ကယန်းလထာမျိုးနွယ်စု ဗဟိုကော်မတီက ၂၀၁၇ ခုနှစ်မှာ ပင်လောင်းမြို့နယ်မှာရှိတဲ့ ကယန်းကျေးရွာ (၁၅) ရွာမှာ အချက်အလက်တွေကို ကောက်ယူထားပြီး ဖြစ်တယ်လို့ ဆိုပါတယ်။ https://www.kantarawaddytimes.org

****************

## ၆။ အင်္ဂလန် ကားဝင်းပုံစံလုပ်ချင်သော်လည်း လက်ရှိပြီးစီးသည့်အနေအထားကို ကျေနပ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်ပြော

(December 5, 2020)

ထိုင်း-မြန်မာနယ်စပ် ကရင်ပြည်နယ် မြဝတီမြို့အတွက် မရှိမဖြစ်လိုအပ်နေသည့် အဝေးပြေး ယာဉ်ရပ်နားစခန်းကို အင်္ဂလန်တွင်ရှိသည့် အဆင့်မြင့်ကားဝင်းပုံစံလုပ်ချင်သော်လည်း လက်ရှိ ပြီးစီးသည့်အနေအထားကို အားရကျေနပ်ကြောင်း ကရင်ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားခဲ့ သည်။

မြဝတီခရိုင်အတွင်းအခြေစိုက်ပြီး ဒေသအသီးသီးသို့ ခရီးသည်ပို့ဆောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် မော်တော်ယာဉ်အသင်း စာရင်းအရ စုစုပေါင်း (၆၈) သင်းရှိပြီးလက်ရှိ တွင် စိမ်းလဲ့မြိုင်အဝေးပြေးယာဉ်ရပ်နားစခန်းတွင် အခန်းဝယ်ယူကာဝင်ရောက်ထားသည့် ယာဉ်လိုင်း ၂၄ သင်းသာရှိသေးကြောင်း၊ ကြိုတင်စာရင်းပေးထားသော ယာဉ်လိုင်း ၁၄ သင်း နှင့် စားရင်မပေးဘဲ ဝင်ရောက်ရန် ကျန်ရှိသည့် ယာဉ်လိုင်း ၃၀ သင်းထိ ကျန်ရှိနေသေး ကြောင်း နှင့် ယခုလို ကျန်ရှိနေသော ယာဉ်လိုင်းတွေအနေဖြင့် လာမည့် ၂၀၂၁ ဇန်နဝါရီ ၁ ရက်နေ့တွင် အပြီးသတ်စာရင်းပေး ဝင်ရောက်ကြရန် ပြည်နယ်ဝန်ကြီးချုပ်က အစည်းအဝေး တွင် ဆုံးဖြတ်ထားပြီးဖြစ်၍ ဖြစ်လာရန် ဒေသတာဝန်ရှိသူများသာ စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိမ်းလဲ့မြိုင်အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ရေး Stepping Stone ကုမ္ပဏီမှ CEO ဦးမျိုးဝင်းသန်းက ပြောသည်။

အဆိုပါ စိမ်းလဲ့မြိုင်ယာဉ်ရပ်နားစခန်းကြီးကို မြဝတီမြို့ မဲကနယ်အုပ်စု အေးသုခရွာရှိ မြေကေပေါင်း ၈.၁ ဧက ပေါ်တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလက စတင်၍ Stepping Stone ကုမ္ပဏီနှင့် MIEG ကုမ္ပဏီတို့မှ ပူးပေါင်း တည်ဆောက်ခဲ့တာဖြစ်ပြီး ယနေ့ ၂၀၂၀ခုနှစ် ဒီဇင် ဘာ ၅ ရက်နေ့တွင် တည်ဆောက်ပြီးစီး၍ ဖွင့်ပွဲအခမ်းအနား ကျင်းပကြခြင်း ဖြစ်သည်။

http://kicnews.org/2020/12/

****************

## ၇။ ဖားအံမြို့နယ်တွင် ကိုဗစ်ကူးစက်မှုနေ့စဉ်တိုးလာ၍ ကန့်သတ်မှုများ ပိုမိုလုပ်ဆောင်လာ

(December 4, 2020)

ကရင်ပြည်နယ်၊ ဖားအံမြို့နယ်တွင် ယခုရက်ပိုင်းအတွင်း ကိုဗစ်ရောဂါပိုး ကူးစက်မှု နေ့စဉ်တိုးလာသည့်အတွက် ကျေးရွာနှင့် မြို့တွင်း ရပ်ကွက်လမ်းအချို့ကို ကန့်သတ်ပိတ်ပင်မှုများ ပိုမိုလုပ်ဆောင်လာသည်ဟု သိရသည်။

လက်ရှိ ကရင်ပြည်နယ်တွင် ကိုဗစ်ရောဂါ ခံတ်ခွဲအတည်ပြု လူနာ စုစုပေါင်း ၈၁၉ ဦးအနက် ဖားအံမြို့နယ် ထဲတွင် ၃၇၂ ဦးပါဝင်သည်ဟု ယနေ့ (ဒီဇင်ဘာ ၄ ရက်ည) ထုတ်ပြန်သည့် ပြည်နယ်ကျန်းမာရေး ဦးစီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ယခုရက်သတ္တပတ်အတွင်း ဖားအံမြို့ ရပ်ကွက်အချို့တွင် ကိုဗစ် ၁၉ ပိုးတွေ့လူနာများလာသည့်အတွက် ပိုးတွေ့လူနာများ၏ အိမ်နှင့် ရပ်ကွက်လမ်းအချို့တွင် အသွားအလာကန့်သတ်ပိတ်ပင်( Lockdown) ချထား လိုက်သည့်အပြင် အမှတ် ၂ ရပ်ကွက်ရှိ ဖားအံမြို့ ရေပေါ်ဈေးတွင်လည်း ကိုဗစ်ရောဂါပိုးတွေ့ရှိသောကြောင့် ဈေးကိုပိတ်လိုက်ပြီး နေရာပြောင်းရွှေ့ ဖွင့်ထားလိုက်ရသည်ဟု သိရသည်။

ကရင်ပြည်နယ်အနေဖြင့် သံတောင်ကြီးနှင့် ဖာပွန်မြို့နယ်တို့မှလွဲ၍ ဖားအံ၊ ကော့ကရိတ်မြို့နယ် ၊ ကြာအင်း ဆိပ်ကြီး၊ လှိုင်းဘွဲ့နှင့် မြဝတီမြို့နယ်တို့တွင် ကိုဗစ်ရောဂါကူးစက်မှု ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပြီး ပြည်နယ် ကျန်းမာရေး ဦးစီးဌာန၏ ဒီဇင်ဘာလ ၄ ရက်နေ့ည ၈ နာရီ ထုတ်ပြန်ချက်အရ ပြည်နယ်တွင်း ကိုဗစ်လူနာစုစု ပေါင်း ၈၁၉ ဦးတွင် ၁၀ ဦးသေဆုံးခဲ့ပြီဖြစ်သည်။ http://kicnews.org/2020/12/

*****************

## ၈။ မိရိုးဖလာပိုင်မြေယာအား အစိုးရအသိအမှတ်ပြုမြေယာအဖြစ် လုပ်ဆောင်ပေးမည်ဟု ရွေးကောက်ပွဲအနိုင်ရ ကရင် အမတ်ပြော

(December 5, 2020)

ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ် ဒေသခံများ၏ မိရိုးဖလာပိုင် တောင်ယာမြေများကို အစိုးရအသိအမှတ်ပြု ပုံစံ (၇) ရရှိအောင်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ကရင်ပြည်သူ့ပါတီမှ လွှတ်တော်အမတ် စောခရစ္စတိုဖာက ကတိပြုပြော ကြားသည်။

သံတောင်ကြီးမြို့နယ်အတွင်း မြေကေစုစုပေါင်း ကိုးသိန်းဝန်းကျင်ရှိပြီး အစိုးရက မြေပိုင်ဆိုင်ခွင့် ပုံစံ (၇) ထုတ်ပေးထား သည့်ကေမှာ စုစုပေါင်း ခုနှစ်သောင်းဝန်းကျင်သာ ရှိကြောင်း သိရသည်။ ကျန်မြေများသည် ဒေသခံများ၏ မိရိုးဖလာ ပိုင်မြေများဖြစ်သော်လည်း တရားဝင်ပိုင်ဆိုင်ခြင်းမရှိသောကြောင့် မြေလွတ်၊ မြေရိုင်း အသွင်ရှိနေ ခြင်းဖြစ်ကြောင်း သိရသည်။

သံတောင်ကြီးမြို့နယ်တွင် ကေအဲန်ယူ -ကရင်အမျိုးသားအစည်းအရုံး၊ တောင်ငူခရိုင် ထိန်းချုပ်နယ်မြေများလည်းရှိပြီး မြေယာ ကိစ္စရပ်များနှင့် ဒေသလမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်ရန်ဆိုင်ရာ အဖွဲ့အစည်းများအားလုံး ပူးပေါင်းလုပ်ဆောင်မည်ဆို ပါ က ပိုထိရောက်နိုင်သည်ဟု ဒေသခံများက ဆိုသည်။ ထို့အပြင်သံတောင်ကြီး ဒေသခံများအနေဖြင့် မြေပိုင်ဆိုင်ခွင့်အတွက် အစိုးရအသိအမှတ်ပြု ပုံစံ (၇) မရှိသော်လည်း အချို့ရွာများတွင် ရွာမြေယာထိန်းသိမ်းရေးကော်မတီက သတ်မှတ်ထားသည့် တောင်၊ ယာမြေ ပိုင်ဆိုင်လုပ်ပိုင်ခွင့်အတိုင်း လိုက်နာလျက်ရှိကြောင်း ဒေသခံများကပြောသည်။ http://kicnews.org/2020/12

****************

## ၉။ ဝန်ကြီးသစ်ကို တာဝန်လွှဲပြောင်းပေးရန်စီစဉ်ထားဟု လက်ရှိ ကရင်ရေးရာဝန်ကြီး နော်ပန်းသဥ္စာမျိုးပြော

(December 5, 2020)

၂၀၂၀ ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်း ကရင်တိုင်းရင်းသားရေးရာဝန်ကြီးနေရာ အနိုင်ရပြီးဝန်ကြီးသစ်ကို စနစ်တကျ တာဝန်လွှဲပြောင်းပေးရန် စီစဉ်ထားကြောင်း လက်ရှိရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး နော်ပန်း သဥ္စာမျိုးက ပြောသည်။

သူမသည် ၂၀၁၅ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားလှယ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်း သားရေးရာနေရာတွင် အနိုင်ရပြီး ၂၀၁၆ ခုနှစ် ဧပြီမှစ၍ တိုင်းအစိုးရအဖွဲ့တွင် တာဝန်ကိုထမ်းဆောင်ခဲ့သူဖြစ်သည်။ ထိုသို့ တာဝန်စတင်ထမ်းဆောင်စဉ် ယခင်ကရင်ရေးရာဝန်ကြီးက စနစ်တကျတာဝန်လွှဲပြောင်းပေးအပ်ခဲ့ခြင်း မရှိခဲ့သည်ကို ကြုံတွေ့

ခဲ့ရသဖြင့် သူမအနေဖြင့် လာမည့်ရွေးကောက်ခံဝန်ကြီးအား စနစ်တကျ တာဝန်လွှဲပြောင်းပေးရန် စီစဉ်ခြင်းဖြစ်သည်ဟု ၎င်းက ပြောသည်။

နော်စူစဲန်နာလှလှစိုးက ၎င်းလက်ထက်တွင် ကရင်စာပေနှင့်ယဉ်ကျေးမှု၊ ကရင်တိုင်းရင်းသားများ၏ တန်းတူအခွင့်အရေးကိစ္စနှင့် အထူးသဖြင့် လူမှုဘဝဖွံ့ဖြိုးရေးများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

http://kicnews.org/2020/12/

*****************

## ၁၀။ UNESCO တွင် ယှဉ်ပြိုင်မည့် ကရင်ဒုံးအကကို စာသင်ကျောင်းများတွင် သင်ကြားနိုင်ရေးပါ ရည်ရွယ်ထား

(December 8, 2020)

ကရင်ရိုးရာဒုံးအကကို UNESCO (ကုလသမဂ္ဂ၏ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်း) အသိအမှတ်ပြုရေးအတွက် တင်သွင်းရန်သာမက စာသင်ကျောင်းများ၌ ဂီတဆိုင်ရာဘာသာရပ်ထဲပါ ထည့်သွင်းသင်ကြားနိုင်ရန် ရည်ရွယ်ထားကြောင်း ကရင်အမျိုးသားမျိုးနွယ်စုများအသင်း–KNTA ၏ ပြောပြချက်အရ သိရသည်။

ဒုံးအကဆိုင်ရာ သမိုင်းကြောင်း ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ပြီး လှိုင်းဘွဲ၊ ဖားအံ၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်တို့တွင် နိုဝင်ဘာလမှ စတင်ကာ ကွင်းဆင်း သုတေသနမှတ်တမ်းများ ပြုစုလျက်ရှိပြီး လက်ရှိအချိန်တွင် ၇၅%ခန့်ပြီးမြောက်နေပြီဖြစ်ကြောင်း သိရသည်။ ယခုမှတ်တမ်းပြုစုနေသော ဒုံးအကသည် UNESCO အတွက် တင်ဆက်နိုင်ရန်၊ ပြီးပြည့်စုံသော ဒုံးအကကျမ်းတစ်စောင် ပေါ်ထွန်းလာရန်နှင့် ထိုကျမ်းမှရရှိလာသော အချက်အလက်များပေါ် အခြေခံ၍ စာသင်ကျောင်းများတွင် သင်ကြားပြသ နိုင်ရန်နှင့် တက္ကသိုလ်တွင် သုတေသနလုပ်နိုင်ရန် စသည့် ရည်ရွယ်ချက်(၄)မျိုးထားရှိကြောင်း ကရင်ပြည်နယ် လူမှုရေး ဝန်ကြီး ဦးဘိုဘိုဝေမောင်ကလည်း ကေအိုင်စီသို့ ပြောသည်။

ယခုနှစ် ဇူလိုင်လ ၂၉ရက်နေ့၊ နေပြည်တော်တွင် ပြုလုပ်ခဲ့သော တတိယအကြိမ်မြောက် ဒြပ်မဲ့အမျိုးသားယဉ်ကျေးမှု ပညာရှင်အဆင့် အစည်းအဝေးအပြီး ကရင်ရိုးရာဒုံးအကနှင့်အတူ ရှမ်းပြည်လက်ဖက်နှင့် မန္တလေးလွန်းရာချိတ်တို့ကို UNESCO သို့တင်သွင်းရန် ဆန်ကာတင်စာရင်း ရွေးချယ်ခဲ့ပြီး ထိုအထဲမှတစ်မျိုးတည်းကိုသာ မြန်မာနိုင်ငံကိုယ်စားပြု အဖြစ်ရွေးချယ်နိုင်ရေး ၂၀၂၁ခုနှစ်တွင် UNESCO ထံ ဆက်လက် တင်သွင်းသွားမည်ဖြစ်သည်။ http://kicnews.org/2020/12

******************

## ၁၁။ အိန္ဒိယ–မြန်မာအမှတ် ၂ နယ်စပ်ကုန်သွယ်ရေး ရိ– တီးတိန်လမ်းကြောင်းသစ် လာမည့်နှစ် စတင်ဖောက်လုပ်မည်

(DECEMBER 8, 2020)

အိန္ဒိယ–မြန်မာနယ်စပ်ကုန်သွယ်ရေးတွင် အဓိကအရေးပါသည့်လမ်းကြောင်းတစ်ခုဖြစ်သော ရိ–တီးတိန်ကားလမ်းကြောင်းအသစ်ကို လာမည့် ၂၀၂၁ ခုနှစ်ကစ၍ အိန္ဒိယအစိုးရ၏ အကူအညီဖြင့် စတင်ဖောက်လုပ်တော့မည်ဟု ချင်းပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။

ရိ- တီးတိန်ကားလမ်းကြောင်းသစ်ကို နိုင်လွန်ကတ္တရာလမ်း နှစ်လမ်းသွားဖြင့် ဖောက်လုပ်မည်ဖြစ်ပြီး ယခင်လမ်းကြောင်းထက် နှစ်ဆရှည်လျားမည်ဖြစ်ကြောင်း ယင်းအတွက်ကုန်ကျစရိတ်အားလုံးကို အိန္ဒိယအစိုးရက အကုန်ကျခံသွားမည်ဟု ချင်းပြည်နယ်အစိုးရပြောရေးဆိုခွင့်ရှိသူ စည်ပင်ဝန်ကြီးဦးစိုးထက်ကပြောသည်။

လက်ရှိအသုံးပြုနေသည့် ရိ-တီးတိန်ကားလမ်းသည် မိုင်အားဖြင့် (၃၁ မိုင်နှင့် ၅ ဖာလုံ)သာရှိသော်လည်း တောင်အတက်အဆင်းကြမ်းပြီး ယခုအိန္ဒိယနိုင်ငံအကူအညီဖြင့်အသစ်ဖောက်လုပ်မည့် ကားလမ်းအသစ်မှာ မိုင်အားဖြင့် (၆၂ မိုင်နှင့် ၄ ဖာလုံ) နှစ်ဆရှည်လျားသော်လည်း လမ်းကြောင်းပြေပြေဖြစ်သည်ဟု သိရသည်။ ယခုအသစ်ဖောက်လုပ်မည့် ရိ-တီးတိန်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းသစ်အတွက် အမေရိကန်ဒေါ်လာ သန်း (၂၀၀) ဝန်းကျင်ခန့်အသုံးပြုသွားမည်ဟု သိရသည်။ https://khonumthung.org/?p=9547

*****************

## ၁၂။ ချင်းပြည်နယ်တွင် ရွေးကောက်ဆိုင်ရာအမှုဖွင့်တိုင်းကြားမှု (၂) မှုသာရှိ

(DECEMBER 7, 2020)

နိုဝင်ဘာလ ၈ ရက်နေ့က ကျင်းပပြီးစီးသွားသည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ ချင်းပြည်နယ်တွင် အမှုဖွင့်တိုင်းကြားမှု (၂) မှုသာရှိခဲ့သည်ဟု ချင်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ အတွင်းရေးမှူး ဦးလင်းကျော်က ပြောသည်။

ယင်းအမှုအဖွင့်တိုင်ကြားမှုမှာ တီးတိန် နှင့် ထန်တလန်မြို့နယ်တို့တွင်ဖြစ်ပွားခဲ့ပြီး အယောင်အဆောင်မဲပေးမှုရှိသည်ဟု ဆိုကာ နိုင်ငံရေးပါတီတစ်ချို့က သက်ဆိုင်ရာရွေးကောက်ပွဲ ရပ်ကျေးကော်မရှင်ထံသို့ တိုင်းကြားခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ ချင်းပြည်နယ်တွင် ရွေးကောက်ပွဲကာလမတိုင်ခင်က ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးမှုကျယ်ကျယ်ပြန့်ပြန့်မပေးနိုင်ခဲ့သည့်အတွက် မဲဆန္ဒရှင်ပြည်သူများအချို့သည် ရွေးကောက်ပွဲဆိုင်ရာအသိပညာအားနည်းမှုကြောင့်ဖြစ်နိုင်သည်ဟု ဦးလင်းကျော်ကဆက်ပြောသည်။

၂၀၂၀ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် ချင်းပြည်နယ်အတွင်း မဲဆန္ဒရှင် (၂၈၆၃၀၈) ဦးရှိခဲ့ပြီး မဲလာပေးသည့် မဲအရေအတွက်မှာ ပြည်သူ့လွှတ်တော်တွင် (၂၂၉၀၅) မဲ၊ ပြည်နယ်လွှတ်တော်တွင် (၂၁၇၁၅၂) မဲ၊ အမျိုးသား လွှတ်တော်တွင် (၂၁၆၉၆၄) မဲ အသီးအသီးရှိကြောင်းသိရသည်။ မဲဆန္ဒနယ်မြေစုစုပေါင်း (၃၉) နေရာရှိသည့် ချင်းပြည်နယ်တွင် တစ်သီးပုဂ္ဂလအပါအဝင် နိုင်ငံရေးပါတီ (၁၁) ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း (၁၇၁) ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

https://khonumthung.org/?p=9540

*****************

**၁၃။ RRCCI မှထောက်ပံ့သည့် စောင်နှင့်အဝတ်အစား အထည် ၅၀၀၀ ပလက်ဝသို့ရောက်ရှိ**

(DECEMBER 7, 2020)

ချင်းပြည်နယ် ပလက်ဝမြို့နယ်ရှိ စစ်ဘေးရှောင်ပြည်သူများအတွက် ချင်းစစ်ဘေးရှောင်ပြည်သူများ အရေးပေါ်ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီ (RRCCI) မှ ထောက်ပံ့ပေးပို့ထားသည့် စောင်နှင့်အဝတ်အစား အထည် ၅၀၀၀ ပထမအသုတ်အဖြစ် ဒီဇင်ဘာ ၇ ရက် ယနေ့မနက်ပိုင်းက ပလက်ဝမြို့သို့ရောက်ရှိပြီဟု RRCCI မှ မနန်းဝေထံမှ သိရသည်။

ပလက်ဝမြို့နယ်ရှိ စစ်ဘေးရှောင်ပြည်သူများအတွက် RRCCI မှ စောင်နှင့်အနွေးအထည်များကို အသုတ်လိုက်ဖြင့် ပို့ဆောင်ပေးနေခြင်းဖြစ်ပြီး ပထမသုတ်တွင် ၅၀၀၀၊ ဒုတိယတွင် ၆၀၀၀၊ တတိယတွင် ၃၀၀၀ နှင့် စတုတ္ထအသုတ်တွင် ၄၀၀၀ စီပို့ဆောင်ပေးခဲ့သည်။ ယနေ့ပလက်ဝမြို့သို့ရောက်ရှိသော အဝတ်အထည် ၅၀၀၀ မှာ ပထမအသုတ်တွင် ပို့လိုက်သည့်အဝတ်အထည်များဖြစ်ပြီး ကျန်အဝတ်အထည်များမှာ လမ်းခရီးတွင်ရှိနေသေးသည်ဟုသိရသည်။ RRCCI အနေဖြင့် ပလက်ဝစစ်ဘေးရှောင်ပြည်သူများအတွက် စောင်နဲ့အနွေးအထည်များ တာဝန်ယူကာ အလှူခံ ပေးပို့ပေးနေခြင်းဖြစ်ပြီး စောင်နှင့် အနွေးအထည် ၈၀၀၀ ဝန်းကျင်နှင့် ဆန်အိတ် ၁၀၀ ပေးပို့ရန် ကျန်ရှိနေသေးကြောင်း သိရသည်။

မြန်မာ့တပ်မတော်နှင့် ရက္ခိုင့်တပ်မတော် (AA) နှစ်ဘက် စစ်ဖြစ်ပွားမှုကြောင့် ပလက်ဝမြို့နယ်တွင် စစ်ဘေးဒုက္ခသည်အဖြစ် စစ်ရှောင်နေရသူ ၁၀၀၀၀ ဝန်းကျင်ရှိပြီး ဆောင်းတွင်ဝင်လာသဖြင့် အနွေးအထည်နဲ့ စောင်များ အခက်အခဲဖြစ်နေကြောင်း သိရသည်။ https://khonumthung.org/?p=9543

****************

**၁၄။ ကိုဗစ်ထောက်ပံ့ကြေး အကန့်အသတ်ဖြင့်ပေးသည့်အတွက် မရရှိသူအများအပြားရှိနေဟုဆို**

(DECEMBER 8, 2020)

နိုင်ငံတော်အစိုးရမှ ကိုဗစ်-၁၉ ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား ထောက်ပံ့ကြေးပေးအပ်ရာတွင် လူဦးရေအကန့်အသတ်ဖြင့်ပေးအပ်သည့်အတွက် ထောက်ပံ့ကြေးမရရှိသော အခြေခံလူတန်းစား အိမ်ထောင်စုအများအပြားရှိသည်ဟု ချင်းအရပ်ဖက်အဖွဲ့အစည်းများထံမှသိရသည်။

ချင်းပြည်နယ် မင်းတပ်မြို့အခြေစိုက်အရပ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် Third Eye အဖွဲ့မှ ဆလိုင်းမာန်အွမ်က ၎င်းတို့ဒေသတွင် ထောက်ပံ့ကြေးများကို အကန့်အသတ်ဖြင့်ပေးအပ်သည့်အတွက် အဆင်မပြေနိုင်ကြောင်းရှင်းပြသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လူတိုင်းခက်ခဲသည့်ကာလဖြစ်သဖြင့် အစိုးရမှ ထောက်ပံ့ပေးနိုင်ပါက စည်းကမ်း သတ်မှတ်ချက်မထားဘဲ လူတန်းစေ့ ထောက်ပံ့ပေးသင့်ကြောင်း ချင်းပြည်နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် ASORCOM အဖွဲ့၏ ဒါရိုက်တာ ကိုမိုက်ကယ်ကပြောသည်။

ချင်းပြည်နယ်တွင် ကိုဗစ်ထောက်ပံ့ကြေးများပေးအပ်ရန် ရပ်/ကျေး/အုပ်စုမှတဆင့် တက်လာသည့်စာရင်းအတိုင်း ၂၆၉၁၄ အိမ်ထောင်စုအား စနစ်တကျပေးခြင်းဖြစ်သဖြင့် တစ်ပြည်နယ်လုံးရှိ အိမ်ထောင်စုပမာဏနှင့် တွက်ကြည့်ပါက ဖြစ်နိုင်ချေရှိသည့်အရေအတွက်ဖြစ်ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းကပြောသည်။ ချင်းပြည်နယ်တွင် အိမ်ထောင်စုပေါင်း ၉၉၄၆၁ အိမ်ထောင်စုရှိသည့်အနက် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၂၆၉၁၄ စုကသာ ကိုဗစ်ထောက်ပံ့ကြေးရရှိနိုင်ကြမည်ဖြစ်သည်။ https://khonumthung.org/?p=9552

## ၁၅။ ချင်းပြည်နယ်တွင် ဆိုင်ထိုင်ရောင်းချခွင့် ပြန်လည်ခွင့်ပြုရန် အစီအစဉ်မရှိသေးဟု ဦးစိုးထက်ပြော

(DECEMBER 4, 2020)

ချင်းပြည်နယ်အတွင်း ကိုဗစ်ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်လာသဖြင့် စားသောက်ဆိုင်များတွင် ဆိုင်ထိုင်ရောင်းချခွင့်အား ခွင့်ပြုရန် အစီအစဉ်မရှိသေးကြောင်း ချင်းပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ စည်ပင်ဝန်ကြီး ဦးစိုးထက်ကပြောသည်။

လက်ရှိတွင် ချင်းပြည်အနယ်အတွင်းရှိဆိုင်များအား ဆိုင်ပြန်လည်ဖွင့်လှစ်နိုင်ရန်မဟုတ်ဘဲ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်အညီ စနစ်တကျရောင်းမှုရှိမရှိ သိရှိနိုင်ရန်သာ လိုက်လံစစ်ဆေးနေကြောင်း သိရသည်။

နေပြည်တော်ကောင်စီအတွင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ Stay at Home သတ်မှတ်ထားခြင်းမရှိသော မြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအား (A) အဆင့်သတ်မှတ်ထားသည့် စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များတွင် ဆိုင်ထိုင်စားသောက်ခြင်းကို ဒီဇင်ဘာ (၄) ရက်နေ့မှ စတင်ကာ ပြန်လည်ခွင့်ပြုပေးမည်ဟု ပြည်ထောင်စု ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ထုတ်ပြန်ထားသည်။ https://khonumthung.org/?p=9537

*******************

## ၁၆။ ရခိုင်တွင် တိုက်ပွဲများရပ်တန့်နေသည့်အတွက် စစ်ဘေးရှောင် ၇၀၀၀၀ ကျော် နေရပ်ပြန်

(ဒီဇင်ဘာ ၈ ၂၀၂၀)

ရခိုင်ပြည်နယ်တွင် ရွေးကောက်ပွဲမတိုင်မီ ရက်ပိုင်းအလိုမှစတင်ကာ တပ်မတော်နှင့်ရခိုင့်တပ်(AA)တို့ကြား တိုက်ပွဲဖြစ်ပွားမှု ရပ်တန့်ခဲ့သည့်အတွက် စစ်ဘေးရှောင်စခန်းများ၌ခိုလှုံနေကြသည့် စစ်ဘေးရှောင်ဦးရေ ခုနစ် သောင်းကျော်ခန့်သည့် မိမိနေရပ်သို့ ပြန်နေကြပြီဖြစ်ကြောင်း စစ်ဘေးရှောင်အရေး ကူညီပေးနေသူများက မဇ္ဈိမသို့ ပြောသည်။

နေရပ်ပြန်ကြသည့် စစ်ဘေးရှောင်ဦးရေ ခုနှစ်သောင်းကျော်နက် ကျောက်ဖြူနှင့် ရမ်းဗြဲမြို့နယ်တို့မှ စစ်ရှောင်ဦးရေ သုံးထောင် ကျော်မှာ နေရပ်သို့အပြီးပြန်ကြသူများဖြစ်ပြီး ကျန်စစ်ရှောင်ပြည်သူများကမူ တိုက်ပွဲ အခြေအနေအပေါ်မူတည်ကာ နေရပ်သို့ ယာယီပြန်ကြသူများဖြစ်ကြောင်း ကိုဇော်ဇော်ထွန်းက ပြောသည်။ နေရပ်ပြန်စစ်ရှောင်များ လုံခြုံစွာနေရပ်ပြန်နိုင်ရေးနှင့် မူလ အလုပ်အကိုင်များပြန်လည် လုပ်ကိုင်ခွင့်ရရှိရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ထံ တိုက်တွန်းသွားမည်ဖြစ်ကြောင်းလည်း ကိုဇော်ဇော်ထွန်းက ဆိုသည်။

ရခိုင်ပြည်နယ်တွင် နှစ်နှစ်နီးပါးကြား တပ်မတော်နှင့် ရခိုင့်တပ် (AA) တို့အကြား တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွား ခဲ့ခြင်းကြောင့် ရခိုင်ပြည်နယ်အတွင်း စစ်ရှောင်စခန်း ၁၀၀ ကျော်အထိ ဖွင့်လှစ်ခဲ့ရပြီး ဒေသခံစစ်ဘေးရှောင် ဦးရေ နှစ်သိန်းကျော်ခန့်ရှိခဲ့သည်။ တိုက်ပွဲများကြောင့်လည်း စစ်ရှောင်ပြည်သူများသည် နီးစပ်ရာစစ်ဘေးရှောင်စခန်းများသို့ ရွှေပြောင်း ခိုလှုံခဲ့ရ သည်။

https://www.mizzimaburmese.com/article/76360

***************

**၁၇။ နမ္မတူတွင် RCSS နှင့် TNLA တို့ စစ်ရေးတင်းမာ**

(ဒီဇင်ဘာ ၈၊ ၂၀၂၀ )

ရှမ်းပြည်မြောက်ပိုင်း၊ နမ္မတူမြို့နယ်အတွင်း ရှမ်းပြည်ပြန်လည် ထူထောင်ရေး ကောင်စီ (RCSS/SSA) နှင့် တအာင်း (ပလောင်) အမျိုးသားလွတ်မြောက်ရေးတပ် (TNLA) တို့ ဒီဇင်ဘာ ၇ ရက်နေ့က တိုက်ပွဲဖြစ်ပွားပြီးနောက်ပိုင်း စစ်ရေးတင်းမာနေကြောင်း နှစ်ဖွဲ့စလုံးက ပြောသည်။

အုပ်ချုပ်ရေးနယ်မြေ အငြင်းပွားမှုများကြောင့် RCSS နှင့် TNLA တို့ စစ်ရေးတင်းမာမှုများ ဖြစ်နေသည်မှာ ငါးနှစ်ခန့်ရှိနေပြီး မကြာခဏ တိုက်ပွဲများ ဖြစ်ပွားလေ့ရှိသည်။ RCSS က နယ်မြေကျော်လွန် ကျူးကျော်လာခြင်းကြောင့် တိုက်ပွဲပြန်ဖြစ်ကြောင်း TNLA ဘက်က ပြောသည်။ နမ္မတူ၊ ကျောက်မဲ၊ လားရှိုး၊ သီပေါ၊ နောင်ချို၊ မူဆယ်၊ ကွတ်ခိုင် စသည့် မြို့နယ်များသည် RCSS နှင့် TNLA တို့ကြား ၂၀၁၅ ခုနှစ်ခန့်မှ စတင်ကာ နယ်မြေအငြင်းပွားမှု တိုက်ပွဲများ ဖြစ်ပေါ်နေပြီး စစ်ဘေးရှောင် ရာနှင့်ချီ နေရပ်စွန့်ခွာခဲ့ရသည်။

နှစ်ဖက်စလုံးမှ ဆွေးနွေးလိုကြောင်း ပြောဆိုသော်လည်း ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလအထိ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်နိုင်ခြင်း မရှိသေးဘဲ ဒီဇင်ဘာ ၇ ရက်နေ့တွင် တိုက်ပွဲထပ်မံ ဖြစ်ပွားခဲ့ပြီး စစ်ရေးတင်းမာမှုများ ရှိနေဆဲဖြစ်သည်။ RCSS နှင့် TNLA တို့ စစ်ရေးတင်းမာနေသည့် နမ္မတူမြို့နယ်သည် ရှမ်းပြည်တိုးတက်ရေးပါတီ SSPP/ SSA အပြင် တပ်မတော်ပါ လှုပ်ရှားသွားလာမှုရှိနေသည့် မြို့နယ်တစ်ခုလည်း ဖြစ်သည်။ https://www.mizzimaburmese.com/article/76354

****************

**၁၈။ ကယားပြည်နယ်မှ လယ်သမားများ ဆည်မြောင်းသို့ ရေခွန်ဆောင်ရန် ကျပ်သိန်း ၆၀၀၀ ကျန်ရှိ**

(ဒီဇင်ဘာ ၇၊ ၂၀၂၀)

ကယားပြည်နယ်အတွင်း ရေကိုမှီခိုပြီး စိုက်ပျိုးရေးလုပ်ကိုင်နေသည့် တောင်သူလယ်သမားများ ၂၀၀၆ – ၂၀၀၇ ခုနှစ်မှ စတင်၍ ယနေ့အထိ ရေခွန် ပေးဆောင်ရန် အကြွေး ကျပ်သိန်း ၆၀၀၀ ခန့် ကျန်ရှိနေသေးသည်ဟု ကယားပြည်နယ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန ပြည်နယ် ဦးစီးမှူး ဦးဝေလွင်က ပြောသည်။

နွေစပါး စိုက်ပျိုးနိုင်ရေးအတွက် လယ် တစ်ဧကလျှင် ရေပီပါပေါင်း ၃၆,၀၀၀ ခန့် အသုံးပြုရပြီး ရေခွန်မှာ ငွေကျပ် ၂၀၀၀ သာ နိုင်ငံတော်သို့ အခွန်ပေးဆောင်ရကြောင်း၊ ကယားပြည်နယ်အတွင်း ဆည်မြောင်းနှင့် ရေလှောင်တမံများမှ ရေကို မှီခိုပြီး နှစ်စဉ် မိုးစပါး ဧက ၄၀,၀၀၀ နှင့် နွေစပါးအတွက် ဧက ၆၀၀၀ ခန့်အတွက် နိုင်ငံတော်အစိုးရက ပေးဝေလျက်ရှိကြောင်း သိရသည်။ တောင်သူလယ်သမားများ ယခင် ရေခွန်ပေးဆောင်ရန် ပျက်ကွက်မှုနှင့် ပတ်သက်၍ ဥပဒေ အားနည်းမှုကြောင့် ဖြစ်သည်ဟု ဦးဝေလွင်က ထောက်ပြသည်။

တောင်သူလယ်သမားများထံမှ ရရှိလာသည့် အခွန်များကို ဆည်မြောင်းနှင့် ရေလှောင်တမံများ၊ ကျေးရွာဖွံ့ဖြိုးရေး ကိစ္စများ ဆောင်ရွက်ရာတွင် ပြန်လည် အသုံးချကြောင်း သိရသည်။ ကယားပြည်နယ်အတွင်း ဆည်မြောင်းနှင့် ရေလှောင်တမံများ ရေလျော့နည်းသွားသဖြင့် လာမည့်နှစ် ဇန်နဝါရီလမှစတင်၍ နွေစပါး စိုက်ပျိုးမည့် တောင်သူလယ်သမားများကို ဧက ၈၀၀ ခန့်သာ ရေပေးဝေနိုင်တော့မည်ဟုလည်း ဦးဝေလွင်က ပြောသည်။ https://www.mizzimaburmese.com/article/76326

## ၁၉။ SP Bakery ပိုင်ရှင် ဦးကျော်ဝင်းကို မိမိတို့ ဖမ်းဆီးထားဟု TNLA ပြော

(ဒီဇင်ဘာ ၅ ၊ ၂၀၂၀)

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့ စံပြမုန့်တိုက်(SP Bakery)ပိုင်ရှင် ဦးကျော်ဝင်းကို လူသုံးယောက်က ကားပေါ်တင် ဖမ်းဆီးသွားမှု ဖြစ်စဉ်သည် မိမိတို့ အဖွဲ့အစည်းက ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း တအာင်း(ပလောင်) အမျိုးသားလွတ်မြောက်ရေး တပ်(TNLA)မှ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးချုပ် တားဘုန်းကျော်က မဇ္ဈိမသို့ အတည်ပြု ပြောသည်။

အဆိုပါ ဖြစ်စဉ်မှာ ဒီဇင်ဘာ ၄ ရက်နေ့ နံနက်ပိုင်းတွင် မိုးကုတ်မြို့ အောင်ချမ်းသာဈေး၌ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ငံကျော်နှင့် တွေ့ဆုံ အပြီးနောက်မှာ ဦးကျော်ဝင်းသည် ၎င်းကားရပ်ထားရာ နေရာသို့ အသွား ကားပေါ်အတက်မှာ SURF ကားတစ်စီး ဘေးချင်းယှဉ်ရပ်ကာ လူသုံးယောက် ဆင်းလာ၍ ဦးကျော်ဝင်း ကို ကားပေါ်ကနေ ဆွဲခေါ်ကာ တင်ဆောင် မောင်းနှင်သွားသည်ကို Video ဖိုင်မှာ တွေ့ရသည်။ လက်ရှိ ဦးကျော်ဝင်းကို မည်သည့် နေရာမှာ ဖမ်းဆီးထားကြောင်း၊ မည်သည့်အတွက်ကြောင့် ဖမ်းဆီးခေါ် ဆောင်သွားရခြင်းဖြစ်ကြောင်းကိုတော့ TNLA ဘက်က မပြောပေ။ သို့သော် အသက်အန္တရာယ်အတွက် စိုးရိမ်စရာ မရှိကြောင်းလည်း TNLA မှ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးချုပ် တားဘုန်းကျော်က ပြောသည်။

TNLA သည် အစိုးရနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) အပါအဝင် ပမာဏာ အပစ် အခတ်ရပ်စဲရေးသဘောတူစာချုပ်(Bilateral) ချုပ်ဆိုနိုင်ရေးအတွက် ဆွေးနွေး ညှိနှိုင်းနေသော တအာင်း (ပလောင်)တိုင်းရင်း သား လက်နက်ကိုင်အဖွဲ့ဖြစ်သည်။ https://www.mizzimaburmese.com/article/76268

****************

## ၂၀။ မော်လမြိုင်ခရိုင်တွင် ရွေးကောက်ပွဲအပြီး ၂၉ ရက်အတွင်း ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်းသူ ၁၀၀ ကျော်ရှိ

(December 08, 2020)

မော်လမြိုင်ခရိုင်တွင် ဒီဇင်ဘာ ၇ ရက်အထိ ရွေးကောက်ပွဲကုန်ကျစရိတ်တင်သွင်းသူ ၁၁၀ ဦးရှိပြီဖြစ်ကြောင်း ခရိုင်ရွေးကောက် ပွဲကော်မရှင်မှ သိရသည်။

ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်ကို ရွေးကောက်ပွဲ အပြီး ရက်ပေါင်း ၃၀ ရက်အတွင်းတင်သွင်းရမည်ဖြစ်ကာ မော်လမြိုင်ခရိုင်အတွင်း ရွေးကောက်ပွဲ ကုန်ကျစရိတ်တင်သွင်းရ မည့်သူ ၁၂၉ ဦးတွင် ၁၉ ဦးသာ တင်သွင်းရန်ကျန်ရှိတော့ကြောင်း သိရသည်။

အဆိုပါခရိုင်အတွင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်လောင်းများထဲတွင် သက်မှတ်ထားသည့် ရွေးကောက်ပွဲ အသုံးစရိတ် ကျော်လွန်တင်ပြခြင်းမျိုး လက်ရှိအချိန်ထိ မတွေ့ရကြောင်း ၎င်းက ဆက်လက်ပြောသည်။ ထို့အတူ သထုံခရိုင် တွင် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်လောင်း ၁၀၈ ဦးရှိပြီး ဒီဇင်ဘာ ၈ ရကအထိ ၇၀ ခန့်တင်ထား ပြီးဖြစ်ကြောင်း သိရသည်။ http://burmese.monnews.org/2020/12/08/

****************

## ၂၁။ “မွန်လူငယ်များ မွန်နိုင်ငံရေး ပါဝင်ဆောင်ရွက်ကြ” ခေါင်းစဉ်ဖြင့် (၉) ကြိမ်မြောက် မွန်လူငယ်များနေ့အခမ်းအနား Online တွင် ကျင်းပသွားမည်

(ဒီဇင်ဘာ ၇-၂၀၂၀)

“မွန်လူငယ်များ မွန်နိုင်ငံရေး ပါဝင်ဆောင်ရွက်ကြ” ခေါင်းစဉ်ဖြင့် လာမည့် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်ကျရောက်မည့် (၉) ကြိမ်မြောက် မွန်လူငယ်များနေ့အခမ်းနားကို Mon Youth Forum- MYF facebook တွင် Online တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယမန်နှစ်ကျင်းပသည့် ၈ ကြိမ်မြောက် မွန်လူငယ်များနေ့တွင် “ မွန်လူငယ်များ မွန်နိုင်ငံရေးပါတီပါဝင်ဝန်းရံကြ” ကြွေးကြော် ချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ် ကိုဗစ်ကပ်ရောဂါကာလအတွင်း ကျရောက်နေသဖြင့် အစိုးရကျန်းမာရေးဌာန လမ်းညွှန် ချက်နှင့်အညီ ၂၀၂၀ ခုနှစ် မွန်လူငယ်များနေ့ အခမ်းအနားကို ရေးမြို့နယ်တွင် ကျင်းပသွားရန်စီစဉ်ထားကြောင်း ပြောရေးဆို ခွင့်ရှိသူ မင်းမွန်ထောက ဆိုသည်။ သဘာပတိနှင့်အဖွဲ့ဝင်များ၊ ထုတ်ပြန်ချက်နှင့် ပါတီအဖွဲ့အစည်းအသီးသီးမှ ပေးပို့သော သဝဏ်လွှာများ ဖတ်ကြားသည့်အစီအစဉ်ပါရှိကြောင်း ၎င်းကဆိုသည်။

မွန်နိုင်ငံရေးသမိုင်းဖြစ်စဉ်တွင် ခေတ်အဆက်ဆက်က တိုက်ပွဲဝင်ခဲ့ကြသည့် မွန်ခေါင်းဆောင်ကြီးများကို ဂါရဝပြုခြင်း၊ လူငယ်များ၏ ခေါင်းဆောင်နိုင်မှုစွမ်းရည်ကို မြှင့်တင်နိုင်ရန်နှင့် လူငယ်များအချင်းချင်း ချိတ်ဆက်မှုပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ မြို့နယ်အလိုက် အလှည့်ကျ ကျင်းပခဲ့ခြင်းဖြစ်သည်။ http://burmese.monnews.org/2020/12/08

****************

## ၂၂။ ရသေ့တောင်မြို့နယ်တွင် ညမထွက်ရအမိန့် နောက်ထပ် သက်တမ်း ၂ လတိုး

(05 Dec, 2020)

နယ်မြေတည်ငြိမ်စပြုနေသည့် ရသေ့တောင်မြို့နယ်တွင် ညမထွက်ရအမိန့် ပုဒ်မ (၁၄၄) ကို နောက်ထပ် ၂ လ တိုးမြှင့်ထုတ် ပြန်လိုက်သည်ဟု သတင်းရရှိသည်။ ၎င်းထုတ်ပြန်ချက်ကို ယခုလ ၂ ရက်နေ့က အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်သိန်း လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ရသေ့တောင်မြို့နယ်အတွင်း ည ၉ နာရီမှ နံနက် ၅ နာရီအချိန်ထိ ညမထွက်ရအမိန့်ကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ ကို ထုတ်ပြန်လိုက်ကြောင်း ဖော်ပြပါရှိသည်။ ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်သည် ရခိုင်ပြည်နယ်ထဲမှ တိုက်ပွဲအများဆုံးဖြစ် ပွားနေသည့် မြို့ထဲမှ တစ်ခုဖြစ်ပြီး တိုက်ပွဲမဖြစ်ပွားသည်မှာ နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲပြီးကတည်းကဟု သိရသည်။

ရသေ့တောင်မြို့တွင် ပြီးခဲ့သော ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့မှစတင်ကာ ဖက်လိပ်၊ သိမ်တောင်နှင့် ချွတ်ပြင်ကျေးရွာအုပ်စုတို့တွင် ညမထွက်ရအမိန့်ကို စတင်ထုတ်ခဲ့ကာ ယင်းမှတဆင့် ၂ လတစ်ကြိမ် သက်တမ်းတိုးပြီး ညမထွက်ရအမိန့်အား တစ်မြို့နယ်လုံးအတိုင်းအတာဖြင့် ယနေ့အချိန်ထိ ထုတ်ပြန်နေခြင်း ဖြစ်ကြောင်း သိရှိရသည်။

https://burmese.narinjara.com/news/detail/5fcb5c623f8935047dbb78bf

******************

## ၂၃။ ဂျပန်ရောက်ရခိုင်လူငယ်များက ကျန်နေသေးသည့်ရခိုင်မဲဆန္ဒနယ်မြေများတွင် ရွေးကောက်ပွဲကျင်းပပေးရန်ဆန္ဒဖော်ထုတ်တောင်းဆို

(07 Dec, 2020)

လူထုဆန္ဒနှင့် ဒီမိုကရေစီကိုတန်ဖိုးထားပါက ရွေးကောက်ပွဲမကျင်းပခဲ့သည့် ရခိုင်ပြည်နယ်မှ မြို့နယ် (၉) ခုနှင့် ပြည်နယ်မဲဆန္ဒနယ်မြေ (၂) ခုတို့တွင် ရွေးကောက်ပွဲကျင်းပရန် လိုအပ်ကြောင်း ရက္ခိုင်လူငယ်များ အစည်းအရုံး-ဂျပန်မှ ဒုတိယဥက္ကဋ္ဌ ဦးရန်အောင်စိုးက ပြောသည်။ ရက္ခိုင်လူငယ်များ အစည်းအရုံး-ဂျပန်မှ အဖွဲ့ဝင် လူငယ် ၃၀ ခန့် ယမန်နေ့က ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ချီတက် ဆန္ဒဖော်ထုတ်ပွဲနှင့် ပတ်သက်ပြီး နိရဥ္စရာက ဆက်သွယ်မေးမြန်းစဉ် ၎င်းက ထိုသို့ ပြောဆိုသွားခဲ့ခြင်းဖြစ်သည်။

ရခိုင်ပြည်နယ်တွင် ရွေးကောက်ပွဲ မကျင်းပဖြစ်သည့် မြို့နယ်များတွင် ရွေးကောက်ပွဲကျင်းပရန် ရက္ခိုင့်တပ်တော် (AA) က ထုတ်ပြန်ချက် ထုတ်ပြန်ပြီး ၎င်းထုတ်ပြန်ချက် အပေါ်တွင်လည်း ဂျပန်ရောက် ရက္ခိုင်လူငယ်များ အနေဖြင့် ထောက်ခံကြောင်း ပြောဆိုသည်။

ရခိုင်လူငယ်ဆန္ဒဖော်ထုတ်သူများသည် ပြည်ပတွင်ရောက်နေလင့်ကစား ပြည်တွင်းနေ ရခိုင်ပြည်သူများ၏ နိုင်ငံသားအခွင့်အရေးမဆုံးစေရန်နှင့် ဒီမိုကရေစီအခွင့်အလမ်းဖြစ်သော မိမိကြိုက်နှစ်သက်သည့် လွှတ်တော်ကိုယ်စားလှယ်ကို ရွေးချယ်နိုင်သည့် အခွင့်အရေးများ မဆုံးရှုံးစေလို၍ ယခု ဆန္ဒဖော်ထုတ်ပွဲကို ပြုလုပ်ရခြင်း ဖြစ်သည်ဟု ၎င်းက ပြောဆိုသည်။

https://burmese.narinjara.com/news/detail/5fcd9c623f8935047dbb78c9

*******************

## ၂၄။ ရခိုင်တွင် ချင်းတိုင်းရင်းသားမဲဆန္ဒရှင် ၇၄၀၀၀ရှိရာတွင် ၂၀၀၀၀သာမဲပေးခွင့်ရရှိခဲ့၍ အများကိုယ်စားပြုသည့် ရွေးကောက်ပွဲမဖြစ်ခဲ့ဟုဆို

(07 Dec, 2020)

ရခိုင်ပြည်နယ်တွင် ချင်းတိုင်းသားမဲဆန္ဒရှင် ၇၄၀၀၀ ရှိရာတွင် ၂၀၀၀၀ ခန့်သာ မဲပေးခွင့်ရ၍ လက်ရှိ ကျင်းပ သွားသည့် ရွေးကောက်ပွဲမှာ အများကိုယ်စားပြုသည့် ရွေးကောက်ပွဲမဖြစ်ခဲ့ဟု ချင်းတိုင်းရင်းသား လွှတ်တော် ကိုယ်စားလှယ်တချို့က ပြောဆိုသည်။

ရခိုင်ပြည်နယ်တွင် မြို့နယ် (၉) ခုနှင့် မြို့နယ် (၂)ခုမှ ပြည်နယ်မဲဆန္ဒနယ် (၂) ခုတွင် ရွေးကောက်ပွဲ မကျင်းပခဲ့သဖြင့် ချင်းတိုင်းရင်းသားအများအပြား မဲပေးခွင့်ဆုံးရှုံးခဲ့ရသည်။ ချင်းတိုင်းရင်းများပါတီမှ ကိုယ်စားလှယ်လောင်းအဖြစ် ယှဉ်ပြိုင်ခဲ့သူ ဥိးထွန်းအောင်ကျော်ကလည်း ၄င်းတို့အနေဖြင့်  ရွေးကောက်ပွဲတွင် ဗိုနိုင်း၊ ဆိုင်းဘုတ်များဖြင့် မဲဆွယ်စည်းရုံးခွင့်မရရှိသလို သူတို့အားထားသည် မြို့နယ်များတွင် ရွေးကောက်ပွဲ ကျင်းပခွင့်မရရှိခဲ့၍ ရှုံးနိမ့်ခဲ့ရသည်ဟုဆိုသည်။

ရခိုင်ပြည်နယ်ရွေးကော်ပွဲကော်မရှင်အတွင်းရေးမှူး ဥိးသူရိန်ထွဋ်က ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲမှာ မှုတမှုမရှိကြောင်း ပြောဆိုနေကြသည့်အပေါ် တစ်စုံတစ်ရာမှတ်ချက်မပေးလိုကြောင်း ပြောသည်။ ရခိုင်ပြည်နယ်တွင် ချင်းတိုင်းရင်း

သားရေးရာ ဝန်ကြီးနေရာအား လက်ရှိ ဝန်ကြီးဖြစ်သူ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် NLD မှ ဥ်းပုန်ဘွေမှ  အနိုင်ရရှိခဲ့သည်။

https://burmese.narinjara.com/news/detail/5fcdf3393f8935047dbb78cb

***************

**၂၅။ ရခိုင်တွင်စစ်ပွဲနှင့်မဆိုင်ဘဲ ယခုနှစ်အတွင်းမီးလောင်မှု ၇၃ ကြိမ်ရှိခဲ့ပြီး ကလေးငယ်တစ်ဦးသေဆုံးကာ ဆုံးရှုံးမှု တန်ဖိုး သိန်း ၆၀၀ ကျော်ရှိခဲ့ဟုဆို**

(07 Dec, 2020)

ရခိုင်ပြည်နယ်တွင် ယခုနှစ်အတွင်း မီးလောင်မှု ၇၃ ကြိမ် ဖြစ်ပွားခဲ့ကာ ကလေးငယ်တစ်ဦး သေဆုံးပြီး စုစုပေါင်း ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် သိန်း ၆၀၀ ကျော်ရှိခဲ့ကြောင်း ရခိုင်ပြည်နယ် မီးသတ် တပ်ဖွဲ့ရုံး၏ စာရင်းအရသိရသည်။ ယခုစာရင်းမှာ ရခိုင်စစ်ပွဲအတွင်း မီးလောင်မှုနှင့် မသက်ဆိုင်ဟု သိရသည်။

၎င်းစာရင်းမှာ ၂၀၂၀ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာ ၆ ရက်နေ့အထိဖြစ်ကြောင်း၊ မီးလောင်မှုကြောင့် ဆုံးရှုံးခဲ့သည့် ငွေကြေးပမာဏမှ ကျပ် ၆၀၅၇၁၃၀၀ ကျပ် ရှိကြောင်း စာရင်းတွင် ဖော်ပြသည်။ မီးလောင်၍ သေဆုံးခဲ့သည့် ကလေးငယ်မှာ စစ်တွေမြို့နယ်၊ အုန်းတောကြီး ဒုက္ခသည်စခန်းမှ (၄၅) ရက်သား အရွယ် ကလေးငယ်တစ်ဦးဖြစ်ပြီး ဩဂုတ်လ ၈ ရက်နေ့က မီးလောင်ရာတွင် သေဆုံးသွားခဲ့သည်။

လွန်ခဲ့သည့် ၂၀၁၉ ခုနှစ်အတွင်းတွင် ရခိုင်ပြည်နယ်၌ အမျိုးသမီးနှစ်ဥ်းအပါအဝင် လူ ၅ ဦး သေဆုံးခဲ့ပြီး မီးလောင်မှု ၁၀၃ မှုနှင့် ပစ္စည်းတန်ဖိုး သိန်း ၁၀၀၀ ကျပ်နီးပါး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

https://burmese.narinjara.com/news/detail/5fce312f3f8935047dbb78cf

***************

**၂၆။ အရပ်သားများအား လက်နက်ကိုင်အဖွဲ့က ဖမ်းဆီးငွေကြေးတောင်းခံမှုကို ဆန့်ကျင်ကန့်ကွက်ကြောင်း လူ့အခွင့်အရေးအဖွဲ့ထုတ်ပြန်**

(December 8, 2020)

တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် TNLA မှ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်တွင် အရပ်သားပြည်သူများ ဖမ်းဆီးခေါ်ဆောင်ပြီး ငွေကြေးတောင်းခံမှုအပေါ် လူ့အခွင့်အရေး နှင့် တရားမျှတရေး စွမ်းဆောင်သူများအဖွဲ့ ကန့်ကွက်ရှုတ်ချကြောင်း သဘောထား ထုတ်ပြန်လိုက်သည်။

ဒီဇင်ဘာ (၇) ရက် ရက်စွဲဖြင့် မန္တလေးတိုင်းဒေသကြီး အခြေစိုက် လူ့အခွင့်အရေးနှင့် တရားမျှတရေး စွမ်းဆောင်သူများအဖွဲ့က လက်ရှိ (TNLA) မှ ဖမ်းဆီးထားသော သူများကို အမြန်ဆုံး ပြန်လွှတ်ပေးရန် နှင့် အဓမ္မငွေကြေး တောင်းခံနေမှုအား ရပ်တန့်ရန် တောင်းဆိုထားပြီး မိုးကုတ်မြို့ရှိ ရဟန်းရှင်လူ၊ လူတန်းစား အလွှာအသီးသီး နှင့် ဘာသာရေး အဖွဲ့အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများက ဝိုင်းဝန်း ကန့်ကွက်ရှုတ်ချလိုက်သည်ဟု ထုတ်ပြန်ကြေညာထားသည်။

လက်နက်မဲ့ အရပ်သားများကို TNLA အဖွဲ့က လူ့အခွင့်အရေး ချိုးဖောက်ကာ အနိုင်ကျင့်နေသည့် လုပ်ရပ်များအား နိုင်ငံတကာ လူ့အခွင့်အရေးကော်မရှင်၊တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အပါအဝင် နိုင်ငံအသီးသီးက သိရှိစေရန် အကြောင်းကြားစာ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ https://burmese.shannews.org/archives/19797

******************

**မှတ်ချက်။ သက်ဆိုင်ရာသတင်းမီဒီယာအသီးသီးမှ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။**

**** ပြီး ****